ဩစတြေးလျ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာတမ်း (ပဋိညာဉ်စာတမ်း) **Australian Charter of Healthcare Rights (The Charter)** တွင် ဖော်ပြထားသည့်အတိုင်း လုံခြုံပြီး အရည်အသွေး မြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှု ရရန် သင့်တွင် အခွင့်အရေးရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှု ရယူနေသည့်အခါ သင် သို့မဟုတ် သင် စောင့်ရှောက်ပေးသူတစ်ဦးဦး မျှော်လင့်နိုင်သည့်အရာကို ပဋိညာဉ်စာတမ်းက ရှင်းပြထားသည်။

ဤအခွင့်အရေးများသည် ဩစတြေးလျနိုင်ငံရှိ လူတိုင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာတိုင်းအပေါ် သက်ဆိုင်ပါသည်။

သင်၏ အခွင့်အရေးများကို ဖတ်ရှု၍နားလည်အောင်လုပ်ပါ။




## အသုံးပြုခွင့်




သင့်လိုအပ်ချက်များနှင့် ကိုက်ညီသော ကျန်းမာရေးစောင့်ရှောက်မှု ရယူရန် သင့်တွင် အခွင့်အရေးရှိသည်။

Medicare သည် ဆရာဝန်နှင့်ပြသခြင်းအပြင် ကုသမှုများနှင့် ဆေးဝါးများအတွက်လည်း ကုန်ကျစရိတ်များကို အကုန်ကျခံပေးပါသည်။ ကုသမှုမခံယူမီ သင်ပေးချေရန်လိုအပ်သည့် အခကြေးငွေများနှင့် စရိတ်များ ရှိ/မရှိ သိရှိရန် သင့်တွင် အခွင့်အရေးရှိသည်။

ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့အစည်းများသည် ၎င်းတို့၏ ဝန်ဆောင်မှုများကို မသန်စွမ်းသူများ အသုံးပြုနိုင်မည့် အနေအထားတစ်ခုကို ဆောင်ရွက်ပေးရန် လိုအပ်သည်။

## လုံခြုံမှု




အမျိုးသားအဆင့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဘေးကင်းလုံခြုံပြီး အရည်အသွေး မြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် သင့်တွင် အခွင့်အရေးရှိသည်။

ရရှိနိုင်သည့် အကောင်းဆုံး သက်သေအထောက်အထားများ၊ သင်၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများအပေါ် သင်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုကို အခြေခံသင့်သည်။

အကယ်၍ သင်၏ ကျန်းမာရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေပါက၊ စိုးရိမ်ဖွယ် အပြောင်းအလဲတစ်ခုကို သတိပြုမိပါက သို့မဟုတ် တစ်ခုခု လွဲချော်သွားသည်ဟု ထင်ပါက ပြန်လည်သုံးသပ်မှုတစ်ခု တောင်းဆိုရန် သင့်တွင် အခွင့်အရေးရှိသည်။

## လေးစားမှု




ဂုဏ်သိက္ခာရှိရှိ၊ လေးစားမှု၊ စာနာမှုတို့ဖြင့် ဆက်ဆံခံရရန် သင့်တွင် အခွင့်အရေးရှိသည်။

သင်၏လိုအပ်ချက်များနှင့် ပတ်သက်၍ သင့်အား မေးမြန်းသင့်သည်၊ စောင့်ရှောက်မှုသည် သင်၏ ရွေးချယ်မှုများကို ထင်ဟပ်သင့်သည်။

## မိတ်ဖက်ပူးပေါင်းမှု




သင်၏ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် မိတ်ဖက်တစ်ဦးအဖြစ် ဆက်ဆံခံရရန် သင့်တွင် အခွင့်အရေးရှိသည်။ သင် လိုအပ်သလောက် မေးခွန်းများများ မေးနိုင်ပါသည်။ သင့်ဆရာဝန်သည် သင့်ကျန်းမာရေး စောင့်ရှောက်မှုကို ရိုးသားပွင့်လင်းစွာ ပြောသင့်သည်။

သင့်အနေဖြင့် သင့်၏ စောင့်ရှောက်မှုတွင် မိသားစု၊ မိတ်ဆွေများ၊ စောင့်ရှောက်သူ သို့မဟုတ် သုံးစွဲသူအကျိုးဆောင်ကဲ့သို့ အခြားလူများကို ထည့်သွင်းနိုင်သည်။